**နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုအလုံးစုံ တားဆီးပိတ်ပင်ရေး စာချုပ်အဖွဲ့ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူးအား အာဆီယံ-ဗီယင်နာကော်မတီက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ မြန်မာအမြဲတမ်းကိုယ်စားလှယ် တက်ရောက်**
(၁၀-၄-၂၀၂၆ ရက်၊ ဗီယင်နာ)

ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့အခြေစိုက် နျူကလီးယားစမ်းသပ် ဖောက်ခွဲမှုအလုံးစုံ တားဆီးပိတ်ပင်ရေးစာချုပ်အဖွဲ့ (CTBTO)ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးကော်မရှင်၏ အမှုဆောင် အတွင်းရေးမှူး Dr. Robert Floyd အား အာဆီယံ-ဗီယင်နာကော်မတီ (AVC) က ၉-၄-၂၀၂၆ ရက်တွင် ထိုင်းအမြဲတမ်းကိုယ်စားလှယ်၏ နေအိမ်၌ နေ့လယ်စာတည်ခင်းဧည့်ခံခဲ့ရာ ဗီယင်နာမြို့ အခြေစိုက် ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်းသည် အခြားအာဆီယံအဖွဲ့ရုံးများမှ အမြဲတမ်းကိုယ်စားလှယ်များ၊ ယာယီတာဝန်ခံများနှင့်အတူ တက်ရောက်ခဲ့သည်။

အဆိုပါနေ့လယ်စာစားပွဲတွင် အမှုဆောင်အတွင်းရေးမှူး နှင့် AVC အမြဲတမ်း ကိုယ်စားလှယ်များသည် CTBTO စာချုပ်အတည်ပြုအသက်ဝင်နိုင်ရေးအတွက် ဖြစ်ပေါ် တိုးတက်မှုနှင့် စိန်ခေါ်မှုများ၊ အမှုဆောင်အတွင်းရေးမှူး၏ စင်ကာပူနှင့် အင်ဒိုနီးရှား ခရီးစဉ်များအပါအဝင် CTBTO နှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နျူကလီးယား လက်နက်မပြန့်ပွားရေးစာချုပ် (NPT) အဖွဲ့ဝင်နိုင်ငံများ၏ (၁၁) ကြိမ်မြောက် ပြန်လည်သုံးသပ်ရေးညီလာခံဆိုင်ရာကိစ္စရပ်များ၊ CTBTO ၏ လုပ်ငန်းအစီအစဉ်နှင့် ဘတ်ဂျက် ကိစ္စရပ်များ၊ CTBTO ၏ နိုင်ငံတကာနျူကလီးယား စမ်းသပ်ဖောက်ခွဲမှုများကို စောင့်ကြည့်သည့် စနစ်များ (IMS) ရေရှည်ထိန်းသိမ်းလည်ပတ်နိုင်ရေး အရေးကြီးမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး အမြင်ဖလှယ်ခဲ့ကြသည်။

**********

**Myanmar Permanent Representative attends Luncheon hosted by ASEAN Vienna Committee for the Executive Secretary of the CTBTO Preparatory Commission**
(10 April 2026, Vienna)

The ASEAN Vienna Committee (AVC) hosted a luncheon on 9 April 2026 at the residence of the Permanent Representative of Thailand in honor of Dr. Robert Floyd, Executive Secretary of the Preparatory Commission for the Comprehensive Nuclear-Test-Ban Treaty Organization (CTBTO).

Ambassador U Min Thein, Permanent Representative of the Republic of the Union of Myanmar to the United Nations and other International Organizations in Vienna, attended the luncheon together with other ASEAN Permanent Representatives and Charges d'Affaires.

During the luncheon, the Executive Secretary and the AVC Permanent Representatives exchanged views on progress and challenges for the entry-into-force of CTBTO and cooperation between the CTBTO and ASEAN Member States, including the Executive Secretary's recent visits to Singapore and Indonesia. They also discussed matters concerning the 11th Review Conference of the States Parties to the Treaty on the Non-Proliferation of Nuclear Weapons (NPT) as well as issues related to the CTBTO’s programs and budget and importance of sustainability of the International Monitoring System (IMS) to detect nuclear explosions.





